## ရည်ရွယ်ချက်

ရုံးအဆင့်ဆင့်နှင့် သက်ဆိုင်သော စာမှတ်စာတမ်း၊ စာချုပ်စာတမ်းများ အပေါ်တွင် ထမ်းဆောင်ရမည့် ထိုက်သင့်ရုံးခွန်နှုန်းထားများနှင့် ရုံးခွန်တံဆိပ်ခေါင်း ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းစွာ သိရှိနိုင်ကြစေရန် ရည်ရွယ်ပါသည်။

## ရုံးခွန်များကို စည်းကြပ်သည့်နည်းလမ်း

ရုံးခွန်အက်ဥပဒေအရ ထိုက်သင့်သောအခွန်များအားလုံးကို တံဆိပ်ခေါင်း များဖြင့် ကောက်ခံခြင်းဖြစ်ပါသည်။

## တံဆိပ်ခေါင်းအမျိုးအစားများ

တရားရုံးသုံးတံဆိပ်ခေါင်းနှင့် တရားရုံးသုံးမဟုတ်သော တံဆိပ်ခေါင်းဟူ၍ (၂) မျိုးရှိရာ တရားရုံးသုံး တံဆိပ်ခေါင်းများမှာ ရုံးခွန်နှိပ်နှင့် ရုံးခွန်ကပ်ဖြစ်ပြီး တရားရုံးသုံးမဟုတ်သော တံဆိပ်ခေါင်းများမှာ အခွန်နှိပ်၊ အခွန်ကပ်နှင့် အထူးကပ် တံဆိပ်ခေါင်းများ ဖြစ်ပါသည်။ ဤလက်ကမ်းစာစောင်တွင် တရားရုံးသုံး တံဆိပ်ခေါင်းများအတွက်သာ ဖော်ပြထားပါသည်။

## ရုံးခွန်တံဆိပ်ခေါင်းများရောင်းချခြင်း

- တံဆိပ်ခေါင်းရောင်းချခွင့်ရှိသူများ–
  - ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူများ၊
  - လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများ။
- ရုံးခွန်အက်ဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေတစ်ရပ်ရပ်ကို တံဆိပ်ခေါင်း ရောင်းချရန် ခန့်ထားခြင်းခံရသူတစ်ဦးဦးက မလိုက်နာလျှင်လည်းကောင်း၊ တံဆိပ်ခေါင်းရောင်းချရန် ခန့်ထားခြင်းမခံရသူတစ်ဦးဦးက ရောင်းချလျှင် လည်းကောင်း မည်သည့် တံဆိပ်ခေါင်းကိုမဆို ရောင်းချရန် ကမ်းလှမ်းလျှင် (တံဆိပ်ခေါင်းတစ်စုံတစ်ရာကို တရားမဝင် လက်ဝယ်ထားရှိလျှင်) ခြောက်လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ပြစ်ဒဏ်ချမှတ်ခြင်းခံရမည် ဖြစ်ပါသည်။

## ရုံးခွန်တံဆိပ်ခေါင်းများ ဝယ်ယူရရှိနိုင်မည့် နေရာများ

- မြန်မာနိုင်ငံတဝန်းလုံးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊
- နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ တံဆိပ်ခေါင်း အရောင်း ကောင်တာများ၊
- လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများထံတွင် ၎င်းတို့ ရောင်းချခွင့်ရှိသည့် ရုံးခွန်တံဆိပ်ခေါင်းအမျိုးအစားများကို ဝယ်ယူနိုင်ပါသည်။



## ရုံးခွန်လိုအပ်ချက် သို့မဟုတ် ထမ်းဆောင်သည့် ရုံးခွန်ပမာဏကွဲလွဲမှုရှိခြင်း

ရုံးခွန်ထမ်းဆောင်ခြင်းကို ကြီးကြပ်ရန် တာဝန်ရှိသောအရာရှိနှင့် အမှုသည် သို့မဟုတ် ၎င်း၏ တရားလွှတ်တော်ရှေ့နေတို့အကြား ရုံးခွန်ထမ်းဆောင်ရန် လို/မလို သို့မဟုတ် ရုံးခွန်ပမာဏနှင့်စပ်လျဉ်း၍ တရားလွှတ်တော်တွင် ကွဲလွဲချက် တစ်စုံတစ်ရာပေါ်ပေါက်ခဲ့လျှင် အခွန်အရာရှိထံသို့ပေးပို့ပြီး ဆုံးဖြတ်ချက်ကိုရယူရမည်။ ထိုဆုံးဖြတ်ချက်သည် အပြီးအပြတ် ဆုံးဖြတ်ချက် ဖြစ်သည်။ သို့သော် အခွန်အရာရှိက ထိုကွဲလွဲမှုသည် ယေဘုယျအားဖြင့် အရေးပါအရာရောက်သည်ဟု ထင်မြင်ယူဆလျှင် ဆုံးဖြတ်ချက်ကိုရရှိနိုင်ရန် တရားလွှတ်တော် တရားသူကြီးချုပ်ထံသို့ သို့မဟုတ် တရားလွှတ်တော် တရား သူကြီးချုပ်က အထွေထွေ သို့မဟုတ် အထူးအာဏာအပ်နှင်းထားသည့် တရား လွှတ်တော် တရားသူကြီးတစ်ဦးဦးထံသို့ တင်ပို့ရမည် ဖြစ်ပါသည်။

## ရုံးခွန်တံဆိပ်ခေါင်းကပ်နှိပ်ထားခြင်းမရှိလျှင်

ရုံးခွန်အက်ဥပဒေအရ ထိုက်သင့်သော တံဆိပ်ခေါင်းကပ်ရန်လိုအပ်သည့် စာတမ်းအမှတ်အသားကို ထိုက်သင့်သည့်တံဆိပ်ခေါင်း မကပ်သေးသရွေ့နှင့် ကပ်ထားခြင်းမရှိလျှင် တရားဝင်သည်ဟု မမှတ်ယူရ။ သို့ရာတွင် ထိုက်သင့်သော တံဆိပ်ခေါင်းကပ်ထားခြင်းမရှိသည့် စာတမ်းအမှတ်အသား တစ်စုံတစ်ရာကို မှားယွင်း၍ဖြစ်စေ၊ အမှတ်တမဲ့ဖြစ်စေ၊ တရားရုံး တစ်ရုံးရုံး သို့မဟုတ် ရုံး တစ်ရုံးရုံးက လက်ခံခြင်း၊ ယင်းရုံးတစ်ရုံးရုံးသို့ တင်သွင်းခြင်း သို့မဟုတ် ယင်းရုံး တစ်ရုံးရုံးနှင့် အသုံးပြုခြင်းရှိခဲ့လျှင် ဦးဆောင်တရားသူကြီး သို့မဟုတ် ရုံးအကြီးအကဲက ကိစ္စရပ်အလိုက် သို့မဟုတ် တရားလွှတ်တော်ရှိ အမှုကိစ္စ ဖြစ်လျှင် ထိုရုံး၏ တရားသူကြီးတစ်ဦးဦးက သင့်သည်ဟု ထင်မြင်လျှင် အဆိုပါစာရွက်စာတမ်းကို ၎င်းက ညွှန်ကြားသည့်အတိုင်း တံဆိပ်ခေါင်း ကပ်စေရန် အမိန့်ချမှတ်နိုင်သည်။ ထိုသို့ ညွှန်ကြားချက်နှင့်အညီ တံဆိပ်ခေါင်း ကပ်ပြီးပါက မူလကပင် သင့်လျော်သည့်တံဆိပ်ခေါင်းကပ်ပြီးသကဲ့သို့ တရားဝင် မည်ဖြစ်ပါသည်။

## တရားရုံး၏ သက်သေခံလက်မှတ်အရ ရုံးခွန်ပြန်အမ်းခြင်း

ရုံးခွန်ပြန်အမ်းငွေရထိုက်သူအနေဖြင့် တရားရုံးကထုတ်ပေးသည့် တရားမ– ၁၃၃ ပုံစံ အမိန့်ချမှတ်သည့်နေ့မှ တစ်နှစ်အတွင်း တရားမ– ၁၃၃ ပုံစံ (ပထမအစောင်) မူရင်းကို ပူးတွဲတင်ပြ၍ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံးတွင် ရုံးခွန်ပြန်အမ်းငွေကို လျှောက်ထားနိုင်ပါသည်။



## ရုံးအဆင့်ဆင့်နှင့် သက်ဆိုင်သော စာမှတ်စာတမ်း၊ စာချုပ်စာတမ်းများ အပေါ် ရုံးခွန်ထိုက်သင့်မှုကို ဖော်ပြသည့် ကောက်နုတ်ချက်ဇယား

| ဇယား (စဉ်) | စာမှတ်စာတမ်းအမည် | – | ထိုက်သင့်သည့် ရုံးခွန် |
|---|---|---|---|
| ၁။၁ | ရုံးခွန်အက်ဥပဒေ ပုဒ်မ ၃ တွင် ဖော်ပြထားချက်မှအပ တရားမ တရားရုံး တစ်ရုံးရုံး သို့မဟုတ် အခွန်ရုံး၏ အရာရှိ တစ်ဦးဦးသို့ တင်သွင်းသော (ဤအက်ဥပဒေတွင် အခြားနည်းဖြင့် ပြဋ္ဌာန်းထားခြင်း မရှိလျှင်) အဆိုလွှာ၊ ချေလွှာ သို့မဟုတ် ပြန်လှန် ကန့်ကွက်လွှာ | (က) အငြင်းပွားသည့် အချင်းဖြစ်ငွေပမာဏ သို့မဟုတ် တန်ဖိုးသည် ကျပ်သိန်း ၁,၀၀၀ ထက်မပိုလျှင် | အဆိုပါ စာမှတ်စာတမ်းတွင် ဖော်ပြထားသည့်ငွေပမာဏ သို့မဟုတ် တန်ဖိုး အပေါ် ၀.၅% |
| | | (ခ) အဆိုပါငွေပမာဏ သို့မဟုတ် တန်ဖိုးသည် ကျပ်သိန်း ၁,၀၀၀ ထက်ပို၍ ကျပ်သိန်း ၁၀,၀၀၀ ထက်မပိုလျှင် | ကျပ် ၁၀ သိန်း |
| | | (ဂ) အဆိုပါငွေပမာဏ သို့မဟုတ် တန်ဖိုးသည် ကျပ် သိန်း ၁၀,၀၀၀ ထက်ပို၍ ကျပ် သိန်း ၃၀,၀၀၀ ထက်မပိုလျှင် | ကျပ် ၁၅ သိန်း |
| | | (ဃ) အဆိုပါ ငွေပမာဏ သို့မဟုတ် တန်ဖိုးသည် ကျပ် သိန်း ၃၀,၀၀၀ ထက်ပိုလျှင် | ကျပ် သိန်း ၃၀ သို့ရာတွင် အများဆုံး ထိုက်သင့်သည့် ရုံးခွန်မှာ ကျပ်သိန်း ၃၀ ဖြစ်သည်။ |
| ၁။၉ | အခွန်တစ်ရပ်ရပ် သို့မဟုတ် တရားစီရင်ရေး ဆိုင်ရာ ဆောင်ရွက်ချက် သို့မဟုတ် ဤအက်ဥပဒေအရ အခြားနည်းဖြင့် ပြဋ္ဌာန်းခြင်း မဟုတ်သော အမိန့်၏ မိတ္တူ သို့မဟုတ် တရားရုံး သို့မဟုတ် အခွန်အယူခံရုံး သို့မဟုတ် ရုံး သို့မဟုတ် ဒေသကြီးဆိုင်ရာ အုပ်ချုပ်မှု စီမံခန့်ခွဲရေးအတွက် တာဝန်ပေးအပ်ထားသည့် အရာရှိချုပ်ရုံး၏ ရုံးမှရယူထားသည့် ငွေစာရင်း တစ်ခုခု၊ ငွေစာရင်း ရှင်းတမ်း အလားတူ အစီရင်ခံစာ၏ မိတ္တူ | မူရင်းနှင့် ယင်း၏ တစ်စိတ်တစ်ပိုင်းရှိ စာမျက်နှာတိုင်း | ၅၀ ကျပ် |

| ဇယား (စဉ်) | စာမှတ်စာတမ်းအမည် | - | ထိုက်သင့်သည့် ရုံးခွန် |
|---|---|---|---|
| ၁။၁၁ | သေတမ်းစာ တစ်စောင်၏ အတည်ပြု လက်မှတ် သို့မဟုတ် နောက်ဆက်တွဲ ပါရှိသည့် သို့မဟုတ် မပါရှိသည့် အမွေထိန်းစာများ | (က) ကျပ် ၁ သိန်းထက် ပို၍ ကျပ် ၁၀ သိန်း ထက် မပိုလျှင် | အဆိုပါ တန်ဖိုး သို့မဟုတ် ပမာဏ အပေါ် ၅% |
| | | ( ခ ) ကျပ် ၁၀ သိန်းထက် ပို၍ ကျပ်သိန်း ၁၀၀ ထက် မပိုလျှင် | အဆိုပါ တန်ဖိုး သို့မဟုတ်ပမာဏ အပေါ် ၆% |
| | | ( ဂ ) ကျပ်သိန်း ၁၀၀ ထက် ပိုလျှင် | တန်ဖိုး သို့မဟုတ် ပမာဏ အပေါ် ၇% (အများဆုံး ရုံးခွန်သည် ကျပ် သိန်း ၃၀ ဖြစ်ရမည်) |
| ၂။၁ | လျှောက်လွှာ သို့မဟုတ် အသနားခံလွှာ | (က) မြို့နယ်အဆင့် တရားရုံး၊ အစိုးရဌာနနှင့် အဖွဲ့အစည်း သို့မဟုတ် စည်ပင်သာယာရေး ကော်မတီတစ်ခုခုသို့ တင်သွင်းလျှင် | ၅၀ ကျပ် |
| | | ( ခ ) ခရိုင်အဆင့်တရားရုံး၊ အစိုးရဌာနနှင့် အဖွဲ့ အစည်း သို့မဟုတ် စည်ပင်သာယာရေး ကော်မတီတစ်ခုခုသို့ တင်သွင်းလျှင် | ၁၀၀ ကျပ် |
| | | ( ဂ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် တရားရုံး၊ အစိုးရဌာနနှင့် အဖွဲ့ အစည်း သို့မဟုတ် စည်ပင်သာယာရေး ကော်မတီတစ်ခုခုသို့ တင်သွင်းလျှင် | ၂၀၀ ကျပ် |
| | | (ဃ) ဦးစီးဌာနနှင့်ဗဟိုအဆင့် အဖွဲ့အစည်းနှင့် အစိုးရ ဌာနတစ်ခုခုသို့ တင်သွင်းလျှင် | ၃၀၀ ကျပ် |
| | | ( င ) တရားလွှတ်တော်ချုပ် သို့ တင်သွင်းလျှင် | ၅၀၀ ကျပ် |



| ဇယား (စဉ်) | စာမှတ်စာတမ်းအမည် | – | ထိုက်သင့်သည့် ရုံးခွန် |
|---|---|---|---|
| ၂။၁၀ | အခြားသူတစ်ဦးအတွက် လျှောက်လဲရန် သို့မဟုတ် ဆောင်ရွက်ရန် လွှဲအပ် ခွင့်ပြုစာ | အထက်ပါ ဇယား၂ အမှတ်စဉ် (၁) ပါ အတိုင်း | အထက်ပါ ဇယား၂ အမှတ်စဉ် (၁) ပါ အတိုင်း |

## ကျေးဇူးတင်လွှာ

နိုင်ငံတော်အစိုးရသည် အခွန်အကောက်ရငွေများဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းတံတားတည်ဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ပါသဖြင့် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ ကျသင့်အခွန်များကို နိုင်ငံကြီးသားပီသစွာဖြင့် မှန်မှန် ကန်ကန် ပြည့်ပြည့်ဝဝပေးဆောင်ကြသော အခွန်ထမ်းများအား ကျေးဇူးအထူးတင်ရှိပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်)၊ အမှတ်-၁၂၈/၁၃၂ (ဒုတိယထပ်နှင့် တတိယထပ်)၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ ၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ လမ်း ၆၀၊ ၁၀၁(A) x ၁၀၂ လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် ၊ ဖုန်း-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ webite ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။

Tax Education New

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## “ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင်ခြင်းအကြောင်း သိကောင်းစရာများ”




၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

**Internal Revenue Department**

**Office Building No.(46), Nay Pyi Taw**

https://www.ird.gov.mm

**“ Tax by the Law, Service by our Heart ”**